# BEGAP အစီအစဉ်ဆိုင်ရာ လမ်းညွှန်ချက်များ

## အစီအစဉ် သုံးသပ်ချက်

ဗားမောင့်ပြည်နယ် ကုန်သွယ်စီးပွားနှင့် ရပ်ရွာဖွံ့ဖြိုးရေး အေဂျင်စီသည် စီးပွားရေးလုပ်ငန်းများအတွက် အရေးပေါ် ထောက်ပံ့ရေး အစီအစဉ် (BEGAP) ကို ဖန်တီးပြီးဖြစ်ကြောင်း ကြေငြာလိုပါသည်။ ဤဒေါ်လာသန်း 20 တန် ထောက်ပံ့ငွေ အစီအစဉ်သည် 2023 ခုနှစ်၊ ဇူလိုင်လ၊ 7 ရက်မှစပြီး ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စီးပွားရေးလုပ်ငန်းနှင့် ပရဟိတအဖွဲ့အစည်းများအတွက် ဖြစ်ပါသည်။ ဤအစီအစဉ်ကို လုပ်ငန်းများ မူလအခြေအနေသို့ ပြန်ရောက်စေရန် ရည်ရွယ်ထားခြင်း မဟုတ်ဘဲ အဖွဲ့အစည်းများ လုပ်ငန်းပြန်ဖွင့်နိုင်ရန်နှင့် ၎င်းတို့၏ ဝန်ထမ်းများ တတ်နိုင်သမျှ အမြန်ဆုံး အလုပ်ပြန်ဝင်နိုင်ရန်အတွက် အလျင်အမြန် ထောက်ပံ့ကူညီပေးရန် ရည်ရွယ်ထားပါသည်။ လျှောက်ထားမှုများကို လိုအပ်မှုအလိုက် ရန်ပုံငွေများ မကုန်မချင်း အတည်ပြုပေးသွားမည် ဖြစ်သည်။

***သင်သည် အင်္ဂလိပ်စကားမပြောတတ်ဘဲ ဘာသာပြန်ဆိုပေးရန် လိုအပ်ပါက ဆက်သွယ်ပြီး ပြည်နယ်မှ စာချုပ်ချုပ်ဆို ခန့်အပ်ထားသည့် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးရန် ACCD ဝန်ထမ်းများထံ (ACCD.BizFloodGrant@Vermont.Gov) ဆက်သွယ်ပါ။***

**လျှောက်ထားသူ၏ အကျုံးဝင်မှုအချက်အလက်-** 2023 ခုနှစ်၊ ဇူလိုင်လ၊ 7 ရက်မှစပြီး ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စီးပွားရေးလုပ်ငန်းနှင့် ပရဟိတအဖွဲ့အစည်းများ။

**အကျုံးဝင်ရန်အတွက် လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် ပရဟိတအဖွဲ့များ ဖြစ်ရမည်-**

- 2023 ခုနှစ်၊ ဇူလိုင်လ မတိုင်မီ ထူထောင်ခဲ့သည်
- ပစ္စည်းထိခိုက်ပျက်စီးမှုများမှာ ဗားမောင့်ပြည်နယ်တွင် ဖြစ်ရမည်
- လုပ်ငန်းဆောင်ရွက်ရာ နှင့်/သို့မဟုတ် လုပ်ငန်းပိုင်ဆိုင်မှုများရှိရာ နေရာသည် 2023 ခုနှစ်၊ ဇူလိုင်လ ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်း ဖြစ်ရမည်
- BEGAP ထောက်ပံ့ငွေအတွက် ပစ္စည်းထိခိုက်ပျက်စီးမှုများတွင် အိမ်ခြံမြေ၊ အငှားအိမ်ခြံမြေ ပြင်ဆင်အဆင့်မြှင့်တင်မှု၊ လက်ဝယ်ထားကုန်ပစ္စည်း၊ ပရိဘောဂ၊ စက်ယန္တရားနှင့် ပစ္စည်းကိရိယာ ပျက်စီးမှုများ ပါဝင်သည်။
- လက်ရှိနေရာတွင်ဖြစ်စေ၊ ဗားမောင့်ပြည်နယ်အတွင်း အခြားတစ်နေရာတွင်ဖြစ်စေ ပြန်ဖွင့်ရည် ရည်ရွယ်ထားပြီး ထိုသို့ပြန်ဖွင့်ရန် ဤထောက်ပံ့ရန်ပုံငွေများကို အသုံးချသွားမည်။

**အောက်ပါအဖွဲ့အစည်းများသည် အကျုံးမဝင်ပါ-**

- မြူနီစပယ်အဖွဲ့များ
- စီးပွားရေး ထိခိုက်မှု (အမြတ်ငွေ ထိခိုက်မှု) သာ ခံခဲ့ရသည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် ပရဟိတအဖွဲ့များ

## ထောက်ပံ့ငွေ တွက်ချက်မှု

BEGAP သည် ၎င်းတို့၏ **အာမခံမပါဘဲ <u>အသားတင်</u>** ထိခိုက်မှု စုစုပေါင်း၏ တစ်စိတ်တစ်ပိုင်းကို ကာမိစေရန် ကူညီပေးမည်။ အာမခံမပါဘဲ အသားတင် ထိခိုက်မှု စုစုပေါင်းသည် အာမခံ၊ ထပ်ပေါင်းထောက်ပံ့ငွေများနှင့် လှူဒါန်းမှုများ နှုတ်ပြီးနောက် စုစုပေါင်း ထိခိုက်မှုဖြစ်သည်။

အာမခံမပါဘဲ အသားတင် ထိခိုက်မှု စုစုပေါင်း ဒေါ်လာ 1,000,000 အောက် လျှောက်ထားသူများအတွက်-

- အာမခံမပါဘဲ အသားတင် ထိခိုက်မှု စုစုပေါင်း၏ 20% သို့မဟုတ် ဒေါ်လာ 20,000 တို့မှ ပိုနည်းသည့် ပမာဏ

အာမခံမပါဘဲ အသားတင် ထိခိုက်မှု စုစုပေါင်း ဒေါ်လာ 1,000,000 ကျော်သည့် လျှောက်ထားသူများအတွက်-

- ထောက်ပံ့ကြေးသည် အာမခံမပါဘဲ အသားတင် ထိခိုက်မှု စုစုပေါင်း၏ 20% သို့မဟုတ်
- လျှောက်ထားသူသည် FTE*1 ဦးမှ 10 ဦးအထိ ခန့်ထားပါက ဒေါ်လာ 100,000
- လျှောက်ထားသူသည် FTE 11 ဦးမှ 50 ဦးအထိ ခန့်ထားပါက ဒေါ်လာ 250,000
- လျှောက်ထားသူသည် FTE 50 ကျော် ခန့်ထားပါက ဒေါ်လာ 500,000 တို့အကြား ပိုနည်းသည့်ပမာဏအဖြစ် တွက်ချက်သွားမည်

လျှောက်ထားသူ တစ်ဦးလျှင် မတူညီသော ပိုင်ဆိုင်မှု သုံးခုအတွက် လျှောက်လွှာသုံးဆောင်အထိ တင်နိုင်သည်။

ထိခိုက်မှု ဒေါ်လာ 1,000,000 ကျော်သည့် ပိုင်ဆိုင်မှု တစ်ခုထက်ပိုပြီး လျှောက်လွှာတင်သူများသည် လျှောက်လွှာတစ်စောင်အတွက်သာ တိုးမြှင့်ထောက်ပံ့ငွေ (ဒေါ်လာ 20,000 ကျော်) ခံစားခွင့်ရှိသည်။

*FTE များသည် ရေမကြီးမီက ရှိခဲ့သည့် ဗားမောင့်ပြည်နယ် အခြေစိုက် အချိန်ပြည့်ဝန်ထမ်း အရေအတွက် ဖြစ်ပါသည်

## လျှောက်ထားသူဆိုင်ရာ အချက်အလက်များ

လျှောက်ထားသူ အားလုံးကို အောက်ပါအချက်အလက်များ ဖြည့်သွင်းဖို့ အသိပေးသွားမည်။ လျှောက်ထားသူများသည် အောက်ပါ အချက်အလက်များပေးရန် အသင့်ရှိရမည်-

- ဆက်သွယ်ရန် အချက်အလက်
- ထိခိုက်ပျက်စီးခဲ့သည့် ပိုင်ဆိုင်မှုရှိရာနေရာနှင့် ပိုင်ဆိုင်ကြောင်း အချက်အလက် အသေးစိတ်
- ဖက်ဒရယ်အခွန်ဆောင် အလုပ်ရှင်အမှတ် (Federal Employer Tax Identification Number(FEIN))
- အာမခံမှုဆိုင်ရာ အချက်အလက်များ
- ထိခိုက်မှုအတွက် အာမခံမှတစ်ဆင့် ရရှိမည့် ဒေါ်လာဖြင့်ဖော်ပြထားသည့် ခန့်မှန်းငွေပမာဏ
- သင့်လုပ်ငန်းကို ပြန်ပြင်ရန် သို့မဟုတ် ပြန်ဖွင့်ရန် လက်ခံရရှိခဲ့သည့်၊ လျှောက်ထားခဲ့သည့် အခြားထောက်ပံ့ကြေး သို့မဟုတ် လှူဒါန်းငွေများ
- လျှောက်ထားသူအပေါ် ရေလွှမ်းမိုးမှုကြောင့် ထိခိုက်မှုကို ရှင်းလင်းဖော်ပြချက်
- ထိခိုက်မှု အမျိုးအစားနှင့် ပြန်ပြင်ရန်/အသစ်လဲရန် ခန့်မှန်းကုန်ကျစရိတ်
- စီးပွားရေး ထိခိုက်မှု ခန့်မှန်းချေနှင့် ရှင်းလင်းဖော်ပြချက် (မျှော်မှန်းထားသည့် သို့မဟုတ် အမှန်ဖြစ်လာသည့် အမြတ်ငွေ ဆုံးရှုံးမှု)

## လိုအပ်သည့် စာရွက်စာတမ်းများ-

- နောက်ဆုံးဆောင်ခဲ့သည့် ဖက်ဒရယ် အခွန်ကြေငြာလွှာ (သို့မဟုတ် 990)
- လုပ်ငန်းကို 2023 ခုနှစ်တွင် စတင်ခဲ့ပါက အမြတ်နှင့် ဆုံးရှုံးမှု ရှင်းတမ်း
- နောက်ဆုံးရ IRS ဖောင် W-9
- စာရင်းတင်ထားသည့် ထိခိုက်မှုများအတွက် ထောက်ပံ့စာရွက်စာတမ်းများ (အာမခံစစ်ဆေးသူ အစီရင်ခံစာ၊ ဝန်ဆောင်မှုပေးသူတို့၏ လျာထားချက်များ)
- တည်ဆောက်မှုပစ္စည်းများ ပြင်ဆင်ရန် လျာထားချက်များ၊ ကိရိယာ၊ လက်ဝယ်ရှိပစ္စည်း၊ အကူပစ္စည်း ဝယ်ယူမှုများ သို့မဟုတ် အမှန်တကယ် ပေးချေခဲ့သည့် ကုန်ကျစရိတ်များ
- ထိခိုက်ပျက်စီးခဲ့သည့် ပိုင်ဆိုင်မှုနေရာ ဓာတ်ပုံများ (အများဆုံး 5 ပုံ)
- နေရာပိုင်ဆိုင်ကြောင်း အထောက်အထား (လိုပါက)

## ထပ်မံထည့်သွင်းစဉ်းစားဖွယ်ရာများ

- မပြည့်စုံသည့် လျှောက်လွှာများကို ပြန်လည်ပြင်ဆင်ရန် လျှောက်ထားသူထံ ပြန်ပို့မည်ဖြစ်ပြီး လက်ခံအတည်ပြုရန် အချိန်ပိုကြာသွားနိုင်သည်။